Myanmar Garment Manufacturers Association

# NEWSLETTER

JULY 2025, ISSUE




## ၂၀၂၅ ခုနှစ်အတွက် မဟာဗျူဟာမြောက် နှစ်ဝက်လုပ်ဆောင်ချက်များ သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ

၂၀၂၅ ခုနှစ်အတွက် မဟာဗျူဟာမြောက် နှစ်ဝက်လုပ်ဆောင်ချက်များ သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင်လ ၁၉ ရက်တွင် Chatrium Royal Lake Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲကို MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုး နှင့် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့မှ အဖွင့်အမှာစကား ပြောကြားဖြင့် စတင်ခဲ့သည်။ အစည်းအဝေးတွင် MGMA ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ Facilitator အဖြစ်ဆောင်ရွက်ခဲ့ပြီး Working Group (၅) ဖွဲ့မှ ပြီးခဲ့သည့် (၆) လအတွင်း လုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်များ နှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ ရင်ဆိုင်ကျော်လွှားရမည့် အခက်အခဲများနှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

စာ - ၂ သို့ >>>>>>>>>>



လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး



MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်း တို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ

# မာတိကာ

**သတင်းနှင့်လှုပ်ရှားမှုများ** **စာမျက်နှာ**


၂၀၂၅ ခုနှစ်အတွက် မဟာဗျူဟာမြောက် နှစ်ဝက်လုပ်ဆောင်ချက်များ သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ........ ၂-၄

MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ၅

လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး ........ ၆

Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ........ ၇-၈

အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၆) ........ ၉-၁၀

မိမိ ဆန္ဒအလျောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း ........ ၁၁

တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၁၂) ........ ၁၂-၁၃

Industrial Engineering Training ( သင်တန်းအမှတ်စဉ် - ၈၅) ........ ၁၄-၁၅


## Upcoming Activities

| *No.* | *Descriptions* | *Date* | *Venue* |
|---|---|---|---|
| 1. | OSH In-factory Training and WCC Training | August | Member Factories |
| 2. | 6th Members' Day | 29th August | Melia Hotel Yangon |

## Membership Update


New Member in July 2025 ........ ၁၆

Membership update as of July 2025 ........ ၁၆

# ၂၀၂၅ ခုနှစ်အတွက် မဟာဗျူဟာမြောက် နှစ်ဝက်လုပ်ဆောင်ချက်များ သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ




၂၀၂၅ ခုနှစ်အတွက် မဟာဗျူဟာမြောက် နှစ်ဝက်လုပ်ဆောင်ချက်များ သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး ပွဲကို ဇူလိုင်လ ၁၉ ရက်တွင် Chatrium Royal Lake Hotel ၌ ကျင်းပပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲကို MGMA ၏ ဥက္ကဋ္ဌ ဦးမြင့်စိုး နှင့် အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်တို့မှ အဖွင့်အမှာစကားပြောကြားခြင်းဖြင့် စတင်ခဲ့သည်။ အစည်းအဝေးတွင် MGMA ၏မန်နေဂျင်းဒါရိုက်တာ ဒေါ်အေးမိရှိန်မှ Facilitator အဖြစ် ဆောင်ရွက်ခဲ့ပြီး Working Group (၅) ဖွဲ့မှ ပြီးခဲ့သည့် (၆) လအတွင်း လုပ်ဆောင်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ပူးပေါင်း ဆောင်ရွက်မှုများကို ပြန်လည်သုံးသပ်ခြင်း၊ ရင်ဆိုင် ကျော်လွှားရမည့် အခက်အခဲများနှင့် ရှေ့လုပ်ငန်းစဉ်များကိုဆွေးနွေးခဲ့ကြသည်။ ဆွေးနွေးပွဲတွင် MGMA ၏ အလုပ် အမှုဆောင်အဖွဲ့ဝင်များနှင့် ရုံးအဖွဲ့ဝင်များအပါအဝင် စုစုပေါင်း (၂၇) ဦးတို့က တက်ကြွစွာ ဆွေးနွေးခဲ့ပြီး MGMA ၏ တွဲဖက် အတွင်းရေးမှူး ဒေါ်အေးအေးဟန် မှ အပိတ်အမှာစကားဖြင့် အစည်းအဝေးကို နိဂုံးချုပ်ခဲ့သည်။

MGMA အနေဖြင့် ၂၀၂၅-၂၀၃၄ ဆယ်နှစ်မဟာဗျူဟာစီမံကိန်းကို Productivity & HRD, Social Compliance & Sustainable Development, Industrial Relation & PPP, International Information Hub နှင့် Supply Chain Development အစရှိသော အဖွဲ့ (၅) ဖွဲ့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။



**Chairman of MGMA U Myint Soe giving remarks**



**Secretary General of MGMA Daw Khine Khine Nwe giving remark**

















# MGMA နှင့် ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံရှိ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၄ သင်းတို့၏ ပုံမှန်တွေ့ဆုံနှီးနှောဖလှယ်ပွဲ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၅ ရက် တွင် Four Seasons Seafood Restaurant ၌ Chinese Textile & Garment Association in Myanmar (CTGA) မှကြီးမှူးကာ ပြုလုပ်ခဲ့သည်။ တွေ့ဆုံပွဲတွင် အသင်း ၅ သင်းမှ လက်ရှိ မြန်မာ့အထည်ချုပ်လုပ်ငန်းကဏ္ဍ၏ လက်ရှိအခြေအနေများကိုဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ MGMA ၏ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association in Myanmar (JGMA), Chinese Textile & Garment Association in Myanmar (CTGA) နှင့် Hong Kong Myanmar Manufacturers' Association Limited (HKMMA) တို့မှ တာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။

# လစဉ် MGMA အလုပ်အမှုဆောင်အစည်းအဝေး

လစဉ်ပုံမှန်ပြုလုပ်လျက်ရှိသော MGMA အလုပ်အမှုဆောင် အစည်းအဝေးကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်က MGMA အစည်းအဝေးခန်း၌ပြုလုပ်ခဲ့သည်။



အစည်းအဝေးအား MGMA ၏မန်နေဂျင်းဒါရိုက်တာမှ အစီအစဉ်အတိုင်းဆောင်ရွက်ခဲ့ပြီး အလုပ်အမှုဆောင်များမှ Apparel sourcing in Paris 2025 ဆိုင်ရာကိစ္စရပ်များ၊ စင်ကာပူနိုင်ငံတွင်ပြုလုပ်မည့် APTEXPO 2025 တွင်ပြခန်းပြသရန်နှင့် တက်ရောက်မည့်ကိစ္စရပ်များ၊ ဩဂုတ်လ ၉ ရက်မှ ၁၁ ရက်ထိ STP Event Management မှပြုလုပ်မည့် Price of Myanmar Products & Global Connection Business Forum တွင်ပြခန်းပြသမည့် ကိစ္စရပ်များ၊ Chatrium Hotel တွင်ပြုလုပ်မည့် ၂၀၂၅ ခုနှစ်အတွက် မဟာဗျူဟာမြောက် နှစ်ဝက်လုပ်ဆောင်ချက်များ သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဆိုင်ရာ ကိစ္စရပ်များ၊ Myanmar Taiwanese Chamber of Commerce (MTCC) မှ Cluster Association အဖြစ်ပါဝင်မည့်ကိစ္စရပ်များ၊ Members' day ပြုလုပ်မည့်ကိစ္စရပ်များ၊ စစ်ကိုင်းတိုင်းဒေသကြီး နှင့် ရှမ်းပြည်တောင်ပိုင်း၊ အင်းလေးဒေသတွင် ပြုလုပ်မည့်ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ Working Group ၏လုပ်ငန်းဆောင်တာများကိုဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌများ၊ အထွေထွေအတွင်းရေးမှူး နှင့် ဗဟိုအလုပ်အမှုဆောင် /အလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။



# Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူး၍ Occupational Safety & Health Management System In-Factory Training (တစ်ရက်တာသင်တန်း) ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နှင့် ၂၉ ရက်များတွင် မင်္ဂလာဒုံမြို့နယ်ရှိ Myanmar Postarion Co.,Ltd နှင့် ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ Lucky Stitch Co., Ltd တို့၌ ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGMA ၏အလုပ်သမားရေးရာ အရာရှိများမှ Basic concepts of Occupational Safety and Health, Occupational Safety and Health Laws, Roles & Responsibilities, Workplace Hazards and Prevention in Garment Industry, Risk Management System, Occupational cleanliness and waste management, Occupational safety and Health Management System, Emergency Preparedness, Fire Safety, Electrical Safety, Chemical Safety, Occupational Health Hazards and ways to prevent, Building Good habits/Practices & Auditing များကိုအဖွဲ့လိုက်ဆွေးနွေးမှုများ၊ အမေးအဖြေကဏ္ဍများဖြင့် သင်ကြားပြသပေးခဲ့သည်။

သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့သည်။ Myanmar Postarion Co.,Ltd မှ ဝန်ထမ်း (၂၀) ဦး နှင့် Lucky Stitch Co., Ltd မှ ဝန်ထမ်း (၁၄) ဦးတို့တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များပေးအပ်ချီးမြှင့်ခဲ့သည်။

## Myanmar Postarion Co.,Ltd













## Lucky Stitch Co., Ltd
















# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၆)



**Batch – 256 Group Photo**

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၅၆) ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၁၈ ရက်ထိ မြန်မာနိုင်ငံ အထည် ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အစိုးရနည်းပညာ အထက်တန်းကျောင်း (ရွာမ)မှ ကျောင်းအုပ်ကြီး ဦးဇေယျာအောင် မှ အဖွင့်အမှာစကားနှင့် အပိတ်အမှာ စကားများ ပြောကြားခဲ့သည်။ သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာ အဖွဲ့အစည်း (IOM) မှ ရွှေ့ပြောင်းအလုပ်သမားဆိုင်ရာသိကောင်းစရာများကိုလည်း ဝေမျှပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၄၃) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။



**Principle of GTHS giving Closing Remarks**



**Manager of MGHRDC presenting sewing method**



**MGMA conducting Labor Law Awareness**



**Safe Migration Seminar by IOM**




Practice Session




Trainer of MGHRDC presenting Sewing Method



Practice Session



Practice Session



Awarding Certificates



Awarding Certificates

# မိမိ ဆန္ဒအလျောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် မိမိ ဆန္ဒအလျောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေးအကဲဖြတ်ခြင်း (VLCA) ကို Myanmar Fala Fala Clothing Co.,Ltd နှင့် Lita Myanmar Co.,Ltd တို့၌ ပြုလုပ်ခဲ့သည်။

MGMA မှ အလုပ်သမားရေးရာ အရာရှိများသည် VLCA အစီအစဉ်တွင်အကျုံးဝင်သည့်စာရွက်စာတမ်း အားလုံးကို သေချာစွာ ပြန်လည်သုံးသပ်ပြီး လုပ်ငန်းခွင်သို့ လိုက်လံကြည့်ရှု စစ်ဆေးခြင်းကို ပြုလုပ်ခဲ့ပါသည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် မိမိဆန္ဒအလျောက် အလုပ်သမားရေးရာ လေးစားလိုက်နာမှု စစ်ဆေး အကဲဖြတ်ခြင်း တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၁၂)



မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း(MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာစက်ချုပ် သင်တန်း (သင်တန်းအမှတ်စဉ် - ၁၂) ကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်မှ ဩဂုတ်လ ၁ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏အစိတ်အပိုင်းများ ဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပုခုံးဒေါက်၊ အိတ်ကပ်၊ ဖေါက်အိတ် ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက် တပ်နည်း၊ ကျားဝတ်ဂျာစီ( သဘော်သားလျှာချုပ်နည်း)၊ ရှပ်အင်္ကျီ လက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါတဲ့ A Skirt တစ်ထည်လုံးချုပ်နည်းများကိုသင်ကြားပေးသွားမည့် အပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖောက်စက်အသုံးပြုနည်း၊ ကြယ်သီးတပ်စက် အသုံးပြုနည်း၊ Bartack Machine, Overlock 4 thread, Overlock 5 thread, 2 Needle များကို သင်ကြားပေးခဲ့သည်။ လက်တွေ့လုပ်ဆောင်မှုများပါဝင် သည့်သင်တန်းသို့ သင်တန်းသား (၁၂) ဦးတက်ရောက် ခဲ့သည်။



**Manager of MGHRDC giving closing remarks**



**Trainer of MGHRDC presenting Sewing Method**



JUKI







# Industrial Engineering Training ( သင်တန်းအမှတ်စဉ် - ၈၅)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး အထည်ချုပ်စက်ရုံများ အတွက် Industrial Engineering Training (သင်တန်းအမှတ်စဉ် - ၈၅) ကို ၂၀၂၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်မှ ဇူလိုင်လ ၁၁ ရက်ထိ မြန်မာအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။ သင်တန်းကို အထည်ချုပ်စက်ရုံများတွင် အရည်အချင်းပြည့်မီသောထုတ်လုပ်မှုကိုမြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် စီစဉ်ခဲ့ခြင်းဖြစ်ပြီး အထည်ချုပ်စက်ရုံများတွင်စက်မှုအင်ဂျင်နီယာသင်တန်းများပို့ချပေးသည့်အတွေ့အကြုံရှိသည့် MGHRDC မှ သင်တန်းဆရာမများမှ စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းများ၊ အဖွဲ့လိုက်တင်ပြမှုများဖြင့် သင်ကြားပေးခဲ့သည်။

စက်ရုံများသို့ကွင်းဆင်းလေ့လာခြင်းကို Best Industrial Co., Ltd တွင် သုံးရက်ကြာလေ့လာခဲ့ပြီး စက်ရုံမှရရှိလာသောအချက်အလက်များကို အဖွဲ့နှစ်ဖွဲ့ခွဲကာ အဖွဲ့လိုက်တင်ပြမှုများပြန်လည် ပြုလုပ်ခဲ့သည်။ သင်တန်းသို့ MGMA အသင်းဝင်စက်ရုံမှ သင်တန်းသား (၂၆) ဦးတက်ရောက်ခဲ့ကာ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။


























# MEMBERSHIP UPDATE

New Members in July 2025

| Country | No. of New Member Factories |
|---|---|
| Myanmar | 2 |
| **Total** | 2 |

Membership Update as of July 2025

| Status | Country | No. of Factories |
|---|---|---|
| Active | Myanmar | 65 |
| | China | 343 |
| | Korea | 55 |
| | Japan | 17 |
| | Others | 20 |
| | Joint Venture | 25 |
| | Local, Sub-Con, Marketing, Inspection, Textile | 50 |
| Total (Active) | | 577 |
| Temporary Closed | | 55 |